ပုဂ္ဂလသာယာချမ်းမြေ့မှုဆိုင်ရာ သိပ္ပံနည်းကျလေ့လာခြင်းပို့ချမှုအနှစ်ချုပ်

မိတ်ဆက်

အားလုံးပဲမင်္ဂလာပါ။ ပျော်ရွှင်မှုသိပ္ပံ(Science of Happiness) ပို့ချမှုကနေ ကြိုဆိုလိုက်ပါတယ်။ ပုဂ္ဂလသာယာချမ်းမြေ့မှု(Subjective Wellbeing) အကြောင်းကို ကျွန်တော်တို့လေ့လာသွားပါမယ်။ လေ့လာမှု မစတင်ခင်မှာ ကျွန်တော့်ကိုယ်ကျွန်တော်မိတ်ဆက်ပါရစေ။ ကျွန်တော့်နာမည်က Kim S. Jacobsen ပါ။ University of Oxford နဲ့ London School of Economics တို့နဲ့ပူးပေါင်းလျက်ရှိပြီး အာဖရိက ဇင်ဘာဘွေနိုင်ငံမှာ စာတမ်းတွေပြုစုခဲ့ပါတယ်။ သုတေသနစာတမ်းတွေမှာတော့ ခြသေ့်များနှင့်ယှဉ်တွဲနေထိုင်ရာတွင် စရိုက်အားသတ်မှတ်ပေးသည့်ကိန်းရှင်(Variable) များအား လေ့လာခြင်းအပြင် သုခဘောဂဗေဒ(Happiness Economics) ကိုလည်း လေ့လာခဲ့ပါတယ်။ အဲဒါကတော့ ပုဂ္ဂလသာယာချမ်းမြေ့မှုဆိုင်ရာ အရေအတွက်ကိန်းရှင်များ၏သက်ရောက်မှုအား ခန့်မှန်းတွက်ချက်ခြင်းပါ။ ခြသေ့်ကျက်စားမှုအပေါ် ငွေကြေးတန်ဖိုးတွက်ချက်ခြင်း ရွေးချယ်မှုဆန်းစစ်ချက်များနဲ့ လျှို့ဝှက်ရွေးချယ်မှုမိုဒယ်များအားအသုံးချခြင်း စတာတွေဖြစ်ပါတယ်။

သာယာချမ်းမြေ့မှုဆိုတာဘာလဲ?

သာယာချမ်းမြေ့မှုဆိုတာကို ပျော်ရွှင်မှုလို့ ကျွန်တော်တို့နိစ္စဓူဝခေါ်ဆိုကြပါတယ်။ ပျော်ရွှင်မှုလို့ ပြန်ဆိုကြတာကိုလည်း မကြာခဏတွေ့ရမှာပါ။ အထူးသဖြင့် မီဒီယာတွေမှာပေါ့။

ဒါပေမဲ့ သာယာချမ်းမြေ့မှုဆိုတာကို အဓိပ္ပာယ်ဖွင့်ဆိုနိုင်တဲ့ နည်းလမ်းပေါင်းများစွာရှိပါတယ်။ ဒါကတော့ ဖွင့်ဆိုတဲ့နေရာမှာ ပညာရေးနယ်ပယ်နဲ့ အသုံးချတဲ့ပုံပေါ်မူတည်ပါတယ်။ ဥပမာနှစ်ခုပေးပါမယ်။ သာယာချမ်းမြေ့မှုနဲ့ပတ်သက်ပြီး ချဉ်းကပ်ပုံတွေ ဘယ်လောက်ကျယ်ပြန့်လဲဆိုတာကို သိသွားအောင်လို့ပါ။

တချို့သုတေသီတွေနဲ့ အဖွဲ့အစည်းတွေက အသုံးပြုတဲ့ချဉ်းကပ်နည်းကတော့ ဦးစားပေးစာရင်း(Objective List) လို့ခေါ်ပါတယ်။ အဲဒီမှာ လူတွေအနေနဲ့ လိုအပ်တယ်လို့ သူတို့ယူဆတဲ့အရာတွေ ပါဝင်ပါတယ်။ ရုပ်ပစ္စည်းလိုအပ်ချက် လူမှုလိုအပ်ချက်နဲ့ စိတ်ပိုင်းဆိုင်ရာလိုအပ်ချက် စသဖြင့်ပေါ့။ ဥပမာအားဖြင့် အစားအသောက်၊ ရေသန့်၊ ဘေးကင်းလုံခြုံမှု၊ ဒေသခံအဖွဲ့အစည်းအတွင်း ပူးပေါင်းပါဝင်မှုတို့ဖြစ်ပါတယ်။

ဖွံ့ဖြိုးတိုးတက်မှုသုတေသနနယ်ပယ်မှာတော့ Amartya Sen ရဲ့ လုပ်နိုင်စွမ်းချဉ်းကပ်မှုက အားလုံးပေါ်လွှမ်းမိုးမှုရှိပါတယ်။ Sen က သာယာချမ်းမြေ့မှုကို အသုံးဝင်မှုနဲ့ တိုင်းတာတာ အကောင်းဆုံးပဲလို့ဆိုပါတယ်။ Sen ရဲ့အဆိုအရ လူတစ်ယောက်က သူ့မှာရှိတဲ့ အသုံးအဆောင်ပစ္စည်း ပင်ကိုယ်လက္ခဏာတွေနဲ့ ဘာကိုအောင်မြင်အောင်လုပ်နိုင်လဲပေါ့။ လူတစ်ယောက်ရဲ့လုပ်ဆောင်နိုင်မှု ဖြစ်တည်လာမှုရဲ့အောင်မြင်မှုကိုပြောတာပါ။

သာယာချမ်းမြေ့မှုဆိုတာကို အဓိပ္ပာယ်သတ်မှတ်နိုင်တဲ့ စည်းဘောင်တွေ အများကြီးရှိပါသေးတယ်။ ဒီပို့ချမှုမှာတော့ ပုဂ္ဂလသာယာချမ်းမြေ့မှု(Subjective Wellbeing) အကြောင်းကို အဓိကထားဆွေးနွေးသွားပါမယ်။ ဒီချဉ်းကပ်ပုံနည်းလမ်းကတော့ လူတွေရဲ့သာယာချမ်းမြေ့မှုအတွက် အရေးပါတာတွေကို ထင်မြင်ယူဆတာမျိုးမဟုတ်ဘဲနဲ့ ဖြေဆိုသူတွေကို သူတို့ရဲ့သာယာချမ်းမြေ့မှုအပေါ်မှာ ကိုယ်တိုင်သုံးသပ်ခိုင်းမှာဖြစ်ပါတယ်။ အကျိုးကျေးဇူးအနေနဲ့ ဒါက သုတေသီရဲ့ ကျင့်ဝတ်စည်းကမ်းနှင့်ယဉ်ကျေးမှုဆိုင်ရာ ဘက်လိုက်မှုကို လျှော့ချပေးပါတယ်။ ဒီမေးခွန်းကိုမေးဖို့အတွက် နည်းလမ်းအမျိုးမျိုးရှိပါတယ်။

ဒါပေမဲ့လည်း ဒီလို ရိုးရှင်းတဲ့ မေးခွန်းနဲ့လည်း ဖြစ်နိုင်ပါတယ်။ ပျမ်းမျှအနေနဲ့ လက်ရှိ သင့်ရဲ့ဘဝကို သင်ဘယ်လောက်ထိကျေနပ်မှုရှိလဲ။ (ကဏ္ဍအမျိုးမျိုးကို ထည့်စဉ်းစားရမှာဖြစ်ပါတယ်။ ကျန်းမာရေး အလုပ်အကိုင် ငွေကြေး မိသားစုဘဝ စသဖြင့်) ဖြေဆိုသူတွေက သတ်မှတ်ချက်နဲ့ဖြေဆိုပါတယ်။ အဲဒီသတ်မှတ်ချက်မှာဆိုရင် သုည က လုံးဝကျေနပ်မှုမရှိ ၁၀ ကတော့ အပြည့်အဝကျေနပ်မှုရှိ ဖြစ်ပါတယ်။

ဖြေဆိုသူတွေက အဲဒီသတ်မှတ်ချက်မှာ သူတို့ဘဝကို ဘယ်လိုမြင်လဲဆိုတဲ့အပေါ်မူတည်ပြီး လုံးဝကျေနပ်မှုမရှိကနေ အပြည့်အဝကျေနပ်မှုရှိအထိ ရွေးချယ်ကြပါတယ်။

ပုဂ္ဂလသာယာချမ်းမြေ့မှု(Subjective Wellbeing) အားအသုံးချပုံ

အသုံးချပုံကတော့ ကျယ်ပြန့်ပါတယ်။ တက္ကသိုလ်သုတေသနလုပ်ငန်းတွေ အစိုးရနဲ့ NGO တွေရဲ့ မူဝါဒရေးဆွဲခြင်း(Policymaking) တွေ နိုင်ငံတော်အဆင့်နဲ့ နိုင်ငံတကာအဆင့် တိုးတက်မှုတိုင်းတာခြင်းတွေ ဥပမာ ကမ္ဘာ့ပျော်ရွှင်မှုအစီရင်ခံစာ(World Happiness Report) ဆိုရင် ကမ္ဘာတစ်ဝန်းက နိုင်ငံပေါင်း ၁၅၆ နိုင်ငံရဲ့ တိုးတက်မှုနဲ့ ပျော်ရွှင်မှုအလားအလာတွေကို လေ့လာထားတာဖြစ်ပါတယ်။ ငွေကြေးတန်ဖိုးဖြတ်ခြင်း(Economic Valuation) ကလည်း အသုံးဝင်ပါတယ်။ သူတို့ဘဝကို ဘယ်လောက်ကျေနပ်မှုရှိလဲဆိုတဲ့ မေးခွန်းကို အပြင်က လူတစ်ထောင်ကိုမေးကြည့်တယ်လို့တွေးကြည့်ပါ။ အဲဒီအခါ လူတစ်ယောက် သူ့ဘဝကို ဘယ်လောက်ကျေနပ်လဲဆိုတဲ့ အချက်အလက်တွေထွက်လာပါတယ်။ ဒါက သိပ်ကိုအသုံးဝင်ပါတယ်။ ပြီးခဲ့တဲ့ဆယ်နှစ်တာမှာ သာယာချမ်းမြေ့မှုအကြောင်းကို သုတေသနလုပ်တာတွေ တစ်ဟုန်ထိုးတက်လာတာကို တွေ့ခဲ့ရပါတယ်။

ဥပမာ : ပညာရေးနှင့်နိုင်ငံတော်အစိုးရ

ဥပမာအားဖြင့် မူဝါဒရေးဆွဲခြင်း(Policymaking) တွေမှာ သာယာချမ်းမြေ့မှုရဲ့အရေးပါပုံကို ယူကေအစိုးရမှာ တွေ့ရှိနိုင်ပါတယ်။ ယူကေအစိုးရရဲ့ ၂၀၁၀ ခုနှစ်အတွက် ရသုံးမှန်းခြေအစီရင်ခံစာမှာဆိုရင် သာယာချမ်းမြေ့မှုနှင့် စဉ်ဆက်မပြတ်မှုတွင် ပိုမိုကျယ်ပြန့်သောအညွှန်းများဖြစ်လာစေရန် အစိုးရက အထူးဆောင်ရွက်နေပါသည်လို့ ဖော်ပြထားပါတယ်။ အဲဒီလိုသာယာချမ်းမြေ့မှုဟာ ယူကေအစိုးရရဲ့ ဗျူဟာနဲ့ အောင်မြင်မှုကို ခန့်မှန်းတွက်ချက်ရာမှာ အဓိကလမ်းကြောင်းတစ်ရပ်ဖြစ်ပါတယ်။

ဘူတန်နိုင်ငံက နိုင်ငံအဝှမ်းပျမ်းမျှပျော်ရွှင်မှု(Gross National Happiness) စကားလုံးက နာမည်ကြီးပါတယ်။ ဒါကအညွှန်းဖြစ်ပါတယ်။ သဘောတရားကတော့ ဘူတန်အစိုးရရဲ့ဦးတည်ချက်က စီးပွားရေးအညွှန်းများကိုသာ တိုးတက်အောင်လုပ်ရမှာမဟုတ်ဘဲ ပြည်သူတွေရဲ့ပျော်ရွှင်မှုကိုပါ တိုးတက်အောင်လုပ်ရန်ဆိုပြီးဖြစ်ပါတယ်။ တစ်ခါတလေမှာ တိုင်းပြည်ရဲ့စီးပွားရေးကို တိုးတက်စေတဲ့အစီအမံတွေက သာယာချမ်းမြေ့မှုကို တိုးတက်စေပေမဲ့ အမြဲတမ်းတော့မဟုတ်ပါဘူး။ တချို့အစီအမံတွေက မထင်မှတ်ဘဲ သာယာချမ်းမြေ့မှုကိုလျော့ကျစေပါတယ်။ ဥပမာ အလုပ်လုပ်ချိန်တိုးမြှင့်ခြင်းပါ။ အလုပ်လုပ်ချိန်တိုးမြှင့်ခြင်းအားဖြင့် စီးပွားရေးတိုးတက်မှု ဖြစ်ကောင်းဖြစ်နိုင်ပေမဲ့ လူတွေရဲ့ ပျမ်းမျှ ပျော်ရွှင်မှုလျော့ကျလာနိုင်ပါတယ်။ ဒါကြောင့် ဒီလိုမျိုး နိုင်ငံရဲ့ စုစုပေါင်းသာယာချမ်းမြေ့မှုကို တိုးတက်မလာစေဘဲ အမှတ်တမဲ့လျော့ကျစေနိုင်တဲ့ ဆုံးဖြတ်ချက်ကိုရှောင်ရှားဖို့အတွက် ဘူတန်နိုင်ငံဟာ တိုးတက်မှုအခြေအနေပြအဓိကအညွှန်းအဖြစ် စုစုပေါင်းပြည်တွင်းထုတ်ကုန်(ဂျီဒီပီ)ကိုမသုံးဘဲ နိုင်ငံအဝှမ်းပျမ်းမျှပျော်ရွှင်မှု(Gross National Happiness) ကို အသုံးပြုပါတယ်။

နယ်ပယ်အသီးသီးတွေအသုံးပြုပုံဥပမာများ

ပညာရပ်နယ်ပယ်မှာ သာယာချမ်းမြေ့မှုမေးခွန်းကိုတော့ အခြေခံအဆောက်အအုံ သဘာဝပတ်ဝန်းကျင် ရာဇဝတ်မှု ဖွံ့ဖြိုးတိုးတက်မှုနဲ့ တခြားသောကဏ္ဍတွေကို လေ့လာရာမှာသုံးပါတယ်။ အခြေခံအဆောက်အအုံမှာဆိုရင် သာယာချမ်းမြေ့မှုသုတေသနကို ပြုလုပ်ပြီး ရထားလမ်းဝန်ဆောင်မှုရရှိခြင်းရဲ့ သက်ရောက်မှုကိုလေ့လာခဲ့ပါတယ်။ ရထားလမ်းဝန်ဆောင်မှုရရှိခြင်းက သာယာချမ်းမြေ့မှုကိုတိုးပွားစေကြောင်း တွေ့ရှိခဲ့ရပါတယ်။ သဘာဝပတ်ဝန်းကျင်မှာဆိုရင် Susana Mourato လို့ အမည်ရတဲ့ ကျွန်တော့်လုပ်ဖော်ကိုင်ဖက်တစ်ဦး တွေ့ရှိခဲ့တာက လူတွေက မြို့ပြပတ်ဝန်းကျင်မှာထက် သဘာဝပတ်ဝန်းကျင်မှာ ပိုမိုပျော်ရွှင်လေ့ရှိတာကို တွေ့ရှိခဲ့ရပါတယ်။

မြန်မာနိုင်ငံမှဥပမာများ

မြန်မာနိုင်ငံကရော အခု ဒီမှာဆိုရင် ၂၀၁၉ ခုနှစ်ရဲ့ ကမ္ဘာ့ပျော်ရွှင်မှုအစီရင်ခံစာ(World Happiness Report) က ဖော်ပြထားပါတယ်။ ၂၀၁၇ ခုနှစ်ကနေ ၂၀၁၈ ခုနှစ်အထိ ပျော်ရွှင်မှုအချက်အလက်တွေကို စုစည်းထားတာဖြစ်ပါတယ်။



ဒီမှာဆိုရင် နိုင်ငံပေါင်း ၁၅၆ နိုင်ငံရဲ့ စိတ်ချမ်းသာမှုအဆင့်မှာ မြန်မာနိုင်ငံက အဆင့် ၁၃၁ မှာရှိနေပါတယ်။ ဒါဟာ တော်တော်လေးနိမ့်ပါတယ်။ မြန်မာနိုင်ငံမှာ ဒါကိုအဖြေရှာနိုင်ဖို့အတွက် အခု ပို့ချချက်မှာ သိလာရတဲ့အတိုင်း သာယာချမ်းမြေ့မှုသိပ္ပံပညာရပ်ကို အရေးတကြီးလိုအပ်နေပြီလို့ ဆိုလိုတာပါပဲ။

ဒီဇယားကိုကြည့်လိုက်မယ်ဆိုရင် ဘားတစ်ခုချင်းစီမှာ အပိုင်း ၇ ပိုင်းရှိတာကို တွေ့ပါလိမ့်မယ်။ အပိုင်းတစ်ပိုင်းချင်းစီဟာ အစီရင်ခံစာထဲက သုတေသနလေ့လာချက်တွေမှာ နိုင်ငံတစ်နိုင်ငံရဲ့သာယာချမ်းမြေ့မှုကို ဖြစ်စေတဲ့ အကြောင်းအချက်တွေကို ဆိုလိုပါတယ်။ မြန်မာနိုင်ငံရဲ့ ဘယ်ဘက်ခြမ်းက ပန်းရောင်အပိုင်းလေးမှာဆိုရင် မိသားစုနဲ့မိတ်ဆွေသူငယ်ချင်းဆီက ကောင်းမွန်တဲ့လူမှုရေးအထောက်အပံ့ရရှိမှုကို သာယာချမ်းမြေ့မှုအတွက် ကြီးမားတဲ့အကြောင်းတစ်ရပ်အဖြစ် တွေ့ရှိရပါတယ်။

ဒီနည်းလမ်းက ဘယ်လိုအလုပ်လုပ်သလဲ?

ရလဒ်ကိန်းရှင်(Response Variable) က ပျမ်းမျှ လက်ရှိ သင့်ရဲ့ဘဝကို သင်ဘယ်လောက်ထိကျေနပ်မှုရှိလဲဆိုတဲ့ မေးခွန်းရဲ့အဖြေရမှတ်တွေဖြစ်ပါတယ်။ ပြီးရင် အဲဒီပုဂ္ဂိုလ်ရဲ့ တခြားအချက်အလက်တွေကိုလည်းယူပါတယ်။ ဥပမာ အိမ်ထောင်ရေးအခြေအနေ အသက်၊ ဝင်ငွေ၊ ကျန်းမာရေး စတဲ့ သက်ရောက်ကိန်းရှင်(Explanatory Variables) တွေပါ။ ဒါတွေကတော့ ပျော်ရွှင်မှုရမှတ်တွေကို ရှင်းပြဖို့အတွက်ဖြစ်ပါတယ်။ လူတစ်ယောက်ရဲ့ပျော်ရွှင်မှုကိုဆုံးဖြတ်ရာမှာ ဘယ်ကိန်းရှင်(Variable) တွေက လွှမ်းမိုးမှုအများဆုံးလဲဆိုတာကို သိလာနိုင်ပါတယ်။ ဒါပေမဲ့ ကိန်းရှင်(Variable) တစ်ခုချင်းစီက လူတစ်ယောက်ရဲ့ ပျော်ရွှင်မှုပမာဏ ဘယ်လောက်များများကို ဆုံးဖြတ်ပေးလဲဆိုတာကို ဘယ်လိုတိတိကျကျသိနိုင်မလဲ။ ရီဂရက်ရှင်းမိုဒယ်(Regression Models) တွေနဲ့ ဒါကိုခန့်မှန်းလို့ရပါတယ်။ ပုဂ္ဂလသာယာချမ်းမြေ့မှု(Subjective Wellbeing) အတွက်သုံးတဲ့ သာယာချမ်းမြေ့မှုတိုင်းတာချက်ဖြစ်တဲ့ ဘဝအပေါ်ကျေနပ်အားရမှုမေးခွန်းကို ရလဒ်ကိန်းရှင်(Response

Variable) အဖြစ်သုံးပြီး လူတစ်ယောက်ရဲ့ပျော်ရွှင်မှုအပေါ် လွှမ်းမိုးနိုင်တယ်လို့ ယူဆထားတဲ့ကိန်းရှင်(Variable) တွေကို သက်ရောက်ကိန်းရှင်(Explanatory Variable) အဖြစ်သုံးပါတယ်။ အသက် ဝင်ငွေ အိမ်ထောင်ရေးအခြေအနေ ကျန်းမာရေး စသဖြင့်ပေါ့။ ရှေ့မှာပြောခဲ့ပြီးပါပြီ။

ဒါကို နားလည်လွယ်သွားအောင် ရိုးရှင်းတဲ့ဥပမာလေးတစ်ခု ကျွန်တော်လုပ်ထားပါတယ်။ ဒီမှာဆိုရင် ရီဂရက်ရှင်းမိုဒယ်(Regression Models) ဖန်တီးထားပါတယ်။

ဘဝအပေါ်ကျေနပ်အားရမှု ~ အသက် + ဝင်ငွေ + အိမ်ထောင်ရေးအခြေအနေ + ကျန်းမာရေး

ဒါက ဥပမာတစ်ခုဖြစ်ပြီး ကိန်းရှင်(Variable) တွေက ဒီထက်မက အများကြီးရှိနေနိုင်ပါတယ်။ ဘဝအပေါ်ကျေနပ်အားရမှုဆိုတာက ဒီကိန်းရှင်(Variable) တွေထက် အများကြီးပိုမိုရှုပ်ထွေးနိုင်ပါတယ်။ သရုပ်ပြတဲ့အနေနဲ့ အခုလို ရိုးရှင်းတဲ့ဥပမာကိုအသုံးပြုရခြင်းဖြစ်ပါတယ်။ ဒါပေမဲ့ ဆိုကြပါစို့ သုတေသီတစ်ဦးအနေနဲ့ ဒီမှာလိုမျိုး ယေဘုယျလေ့လာမှုကိန်းရှင်တွေကိုပဲ။ စိတ်ဝင်စားတာမဟုတ်ဘဲ တစ်ခုခုကို အထူးပြုစိတ်ဝင်စားတာမျိုးဆိုရင်ရော ဥပမာ ရေရဲ့အရည်အသွေး သာယာချမ်းမြေ့မှုအပေါ် ဒီလိုမျိုးရေသန့်ရရှိမှုက ဘယ်လိုသက်ရောက်မှုရှိလဲဆိုတာကိုသိဖို့အတွက် ဒီပုံသေနည်းကိုအသုံးပြုနိုင်ပါတယ်။
ဘဝအပေါ်ကျေနပ်အားရမှု ~ အသက် + ဝင်ငွေ + အိမ်ထောင်ရေးအခြေအနေ + ကျန်းမာရေး + ရေသန့်(လီတာ)

ရေသန့်ရရှိမှုကို လီတာနဲ့ ဒီညီမျှခြင်းမှာထည့်လိုက်မယ်ဆိုရင် အဲဒီကနေ ဘာသိလာမလဲဆိုတော့ ရေသန့်က လူတွေရဲ့ပျော်ရွှင်မှုအတွက် အရေးပါသလား။ ပါတယ်ဆိုရင် ဘယ်လောက်အရေးပါလဲ။ ပြီးပြည့်စုံတဲ့ ပျော်ရွှင်မှုဆိုင်ရာ ရီဂရက်ရှင်းမိုဒယ်(Regression Models) ကို လုပ်မယ်ဆိုရင်တော့ သက်ရောက်ကိန်းရှင်(Explanatory Variable) ကိန်းရှင်တွေကို ထည့်သွင်းဖို့လိုပါတယ်။ ဥပမာ မိသားစုဆီကလူမှုရေးအထောက်အပံ့ ဘေးကင်းလုံခြုံမှု ပညာရေး စသဖြင့်ပေါ့။ အဲဒီတော့ တကယ့် ပြီးပြည့်စုံတဲ့ ရီဂရက်ရှင်းမိုဒယ်(Regression Models) က ဒါထက် အများကြီးပိုရှုပ်ပါတယ်။

ဒီပို့ချမှုအဆုံးကျရင် ဇင်ဘာဘွေနိုင်ငံမှာ ကျွန်တော်သုံးခဲ့တဲ့ကိန်းရှင်(Variable) တွေအားလုံးကို ပြပေးပါ့မယ်။ ဘယ်လောက်များလဲ ကြည့်ကြည့်လိုက်ပါ။ အချက်အလက်အခြေပြုမိုဒယ်(Statistical Models) အကြောင်းပြောရအောင်။

ဒါကိုတွက်ချက်ဖို့ ရီဂရက်ရှင်းမိုဒယ်(Regression Models) ဘယ်နှမျိုးရှိလဲ?

သာယာချမ်းမြေ့မှုကို ခန့်မှန်းတွက်ချက်ဖို့ ရီဂရက်ရှင်းမိုဒယ်(Regression Models) တွေအတိအကျအားဖြင့် ဘယ်နှမျိုးရှိလဲ။
အသုံးအများဆုံးနှစ်ခုကတော့ -

- အနိမ့်ဆုံးနှစ်ထပ်ကိန်းရီဂရက်ရှင်း(OLS)နဲ့

- စာရင်းအင်းရီဂရက်ရှင်းတို့ဖြစ်ပါတယ်။

အနိမ့်ဆုံးနှစ်ထပ်ကိန်းရီဂရက်ရှင်း(Ordinary Least Squares Regression) ဆိုတာက အင်မတန်ကိုရိုးရှင်းတဲ့ မျဉ်းဖြောင့်ရီဂရက်ရှင်း(Linear Regression) ဖြစ်ပြီး ကျောင်းမှာသင်ခဲ့ရပါလိမ့်မယ်။ ရလဒ်ကိန်းရှင်(Response Variable) နဲ့ ဘ၁၀အပေါ်ကျေနပ်အားရမှုက တစ်သမတ်တည်းဖြစ်တယ်လို့ သူကယူဆပါတယ်။ ဒီယူဆချက်က တော်တော်လေးကိုမှားယွင်းနိုင်ပါတယ်။ ၁ ကနေ ၁၀ အထိ ရွေးတဲ့အခါမှာ လူတွေအနေနဲ့ ၄ ကနေ ၅ အထိအကွာအဝေးနဲ့ ၉ ကနေ ၁၀ အထိအကွာအဝေးကို အတူတူပဲလို့ မှတ်ယူဖို့ဆိုတာ ဖြစ်နိုင်ခြေနည်းပါးပါတယ်။ လူအများစုအတွက် အစွန်းနှစ်ဖက်ကို ရွေးချယ်ရတာက အလယ်ကအမှတ်တွေကိုရွေးချယ်ရတာထက် ပိုမိုအခက်တွေ့နိုင်ပါတယ်။ လုံးဝကျေနပ်မှုမရှိခြင်းဆိုတဲ့ ၁ ကိုရွေးလိုက်ခြင်း ဒါမှမဟုတ် အပြည့်အဝကျေနပ်မှုရှိခြင်းဆိုတဲ့ ၁၀ ကိုရွေးလိုက်ခြင်းက တော်တော်လေး ပိုပြီးအစွန်းရောက်နိုင်ပါတယ်။ ဒီတော့ ၁ နဲ့ ၂ နဲ့ ၉ နဲ့ ၁၀ ကြားအကွာအဝေးက ပိုပြီးကြီးမားပါတယ်။ ၄ နဲ့ ၅ နဲ့ ၆ နဲ့ ၇ ကြား အကွာအဝေးထက်ပါ။ မတူညီတဲ့အကြောင်းအရာနဲ့ ဖြေဆိုသူရဲ့စိတ်ထား ဒီနှစ်ခုကြားက မှတ်ယူထားတဲ့အကွာအဝေးကွာဟချက်ကို တည့်မတ်ဖို့အတွက် စာရင်းအင်းမိုဒယ်တွေကိုအသုံးပြုပါတယ်။ သူတို့ကဖြေရှင်းပေးနိုင်ပါတယ်။ အကြောင်းအရာရဲ့နံပါတ်စဉ် အချက်အလက်တွေကိုပဲလိုအပ်ပါတယ်။

စာရင်းအင်းရီဂရက်ရှင်း(Ordinal Logistic Regression) တွေက Probit နဲ့ Logit မိုဒယ်ဆိုပြီး နှစ်မျိုးနှစ်စားရှိပါတယ်။ ပျော်ရွှင်မှုနဲ့ပတ်သက်တဲ့ သုတေသနစာတမ်းတွေမှာတော့ နှစ်ခုစလုံးကိုတွေ့ရပါတယ်။ ရလဒ်တွေကတော့ တော်တော်လေးတူညီလေ့ရှိတာကြောင့် ဒီရှေ့ပိုင်းအဆင့်မှာတော့ အဲဒါကသိပ်ပြီးအရေးမကြီးပါဘူး။

ဒီတော့ စာရင်းအင်းရီဂရက်ရှင်း(Ordinal Logistic Regression) တွေက စာရင်းအင်းအရ ပိုပြီးတိကျတဲ့ပုံစံပေါက်နေပါတယ်။ ဘာလို့လဲဆိုတော့ ကျေနပ်အားရမှုအကြောင်းအရာတွေကြားက အကွာအဝေးက တူညီတဲ့အတွက်ဖြစ်ပါတယ်။

ဒါပေမဲ့လည်း အနိမ့်ဆုံးနှစ်ထပ်ကိန်းရီဂရက်ရှင်းမိုဒယ်(Ordinary Least Squares Regression Model) က ပိုစွမ်းဆောင်နိုင်ပြီး အဓိပ္ပာယ်ဖော်ရတာလည်း ပိုမိုလွယ်ကူပါတယ်။ ဒီတော့ ကျွန်တော်တို့သုတေသနအတွက် ဘယ်ဟာက ပိုပြီးသင့်တော်လဲ။ ဟုတ်ကဲ့ များသောအားဖြင့် သုတေသနတွေက တူညီနေတာများပါတယ်။ OLS ပဲသုံးသုံး စာရင်းအင်းရီဂရက်ရှင်း(Ordinal Logistic Regression) ပဲသုံးသုံးပေါ့။ ဒီမိုဒယ်နှစ်ခုကို အသုံးပြုခြင်းကွာခြားချက်ကိုလည်း လူတွေက တွက်ချက် စမ်းသပ်တာတွေ စတဲ့သုတေသနတွေလုပ်ခဲ့ပါတယ်။ ဒါပေမဲ့ ယေဘုယျအားဖြင့် ဘာမှသိပ်မကွာတာကို တွေ့ရှိခဲ့ရပါတယ်။ ရီဂရက်ရှင်းမိုဒယ်(Regression Models) တွေကို ဘယ်လိုဆောင်ရွက်လဲ။

ဒါကိုအတိအကျလုပ်နိုင်တဲ့ စာရင်းအင်းဆော့ဖ်ဝဲ(Statistical Software) တွေ အများကြီးရှိပါတယ်။ ကျွန်တော်က R ကိုသုံးပါတယ်။ R ရဲ့ Libraries တွေထဲကမှ "Ordinal" ဆိုတဲ့ ပက်ကေ့ချ်ကိုသုံးပါတယ်။ ကျွန်တော်က စာရင်းအင်းရီဂရက်ရှင်း (Ordinal Logistic Regression) ကိုပဲသုံးဖြစ်လို့ပါ။ STATA နဲ့ SPPS

ကိုလည်းသုံးပါတယ်။ တခြားဟာတွေလည်းရှိပါသေးတယ်။ ဘယ်လိုလုပ်သလဲသိချင်ရင်တော့ YouTube မှာစလေ့လာတာ ပိုကောင်းပါတယ်။ အဲဒီမှာ Tutorial ကောင်းကောင်းတွေ အများကြီးပဲရှိနေပါတယ်။ အသေးစိတ်ထပ်သိချင်တယ်ဆိုရင် နည်းနည်းအသေးစိတ် စပြီးလေ့လာလို့ရအောင် အောက်မှာ လင့်ခ်နှစ်ခုထည့်ပေးလိုက်ပါတယ်။

ဥပမာရလဒ်များ

ကောင်းပါပြီ။ ရီဂရက်ရှင်းမိုဒယ်(Regression Models) တွေကနေရလာမယ့်ရလဒ်က ဒီလိုပုံစံမျိုးဖြစ်ပါလိမ့်မယ်(ဒါတွေက ရိုးရိုးရှင်းရှင်း ဥပမာပြလို့ရအောင် ကျွန်တော်ဖန်တီးထားတဲ့ရလဒ်တွေပါ။ ခဏနေမှ တကယ့်ဥပမာတွေကို လေ့လာသွားပါမယ်)

ကိန်းရှင်(Variable)	ပြကိန်း(Coefficient)	p-value (cut-off: 0.05)
အသက်	0.03	0.45
နှစ်စဉ်ဝင်ငွေ	0.02	0.005
အိမ်ထောင်ရေးအခြေအနေ	0.2	0.04
ကျန်းမာရေး	0.4	0.000009
ရေသန့်ရရှိမှု(လီတာ)	0.1	0.03

ကိန်းရှင်တစ်ခုချင်းစီရဲ့ ပြကိန်း(Coefficient) နဲ့ P-Value ကိုမြင်ရပါလိမ့်မယ်။ P-Value ကတော့ ထူးခြားမှု(Significance) ကိုပြပါတယ်။ ကျွန်တော်ပုံမှန်သုံးနေကျ cut-off သတ်မှတ်အဆင့်(Threshold) ကတော့ ၀.၀၅ ပါ။ ဒါပေမဲ့ စီးပွားရေးနယ်ပယ်မှာတော့ ၀.၁ ကို တော်တော်များများသုံးကြပါတယ်။ ၃.၀၅ ကတော့ နည်းနည်းထူးဆန်းပါတယ်။

အရေးကြီးမှတ်ရမှာကတော့ ကိန်းရှင်(Variable) တွေအားလုံးဟာ ယူနစ်တစ်ခုနဲ့တစ်ခုမတူပါဘူး။ အိမ်ထောင်ရှိခြင်းရဲ့သက်ရောက်မှုက ဝင်ငွေတိုးပွားလာခြင်းသက်ရောက်မှုထက် ၁၀ ဆပိုများတယ်လို့ ပြောလို့မရပါဘူး။ ဘာလို့လဲဆိုတော့ ဝင်ငွေကယူနစ်တစ်ခုဖြစ်ပြီး အိမ်ထောင်ရှိခြင်းက အမျိုးအစားပြအုပ်စုကိန်းရှင်(Nominal Categorical Variable) တစ်ခုဖြစ်တာကြောင့် ယူနစ်အလိုက် နှိုင်းယှဉ်ကြည့်ဖို့က မဖြစ်နိုင်ပါဘူး။ ဒါကြောင့် ကိန်းရှင်(Variable) တွေကို တိုက်ရိုက်နှိုင်းယှဉ်လို့မရနိုင်ဘဲ လုပ်နိုင်တာကတော့ သက်ရောက်မှုပမာဏကို တွက်ချက်ခြင်းပါပဲ။ အပြင်မှာ လူသုံးများတဲ့ပက်ကေ့ချ်တွေအများကြီးရှိပါတယ်။ အသုံးပြုချင်ရင် အသုံးပြုလို့ရပါတယ်။ သက်ရောက်မှုပမာဏဆိုတာက ကိန်းရှင်(Variable) တစ်ခုချင်းစီရဲ့ သက်ရောက်မှုပမာဏကိုပြောပြပေးပါတယ်။ ဒါကတော့ ဝင်ငွေ အိမ်ထောင်ရေးအခြေအနေ ကျန်းမာရေး အသက်အရွယ် စတဲ့ကိန်းရှင်(Variable) တွေကိုနှိုင်းယှဉ်နိုင်ပါတယ်။ ဒီပို့ချမှုအတွက် ဘယ်လိုတွက်ချက်လဲဆိုတာကိုမပြောတော့ပါဘူး။ ဒါပေမဲ့ အပြင်မှာ အသုံးဝင်တဲ့ ပက်ကေ့ချ်တွေအများကြီးရှိပါတယ်။

ဒါကြောင့် သိပ်ပြီးမခက်ပါဘူး။ ဒီတော့ ဒီရလဒ်တွေကနေ ဘယ်ကိန်းရှင်(Variable) က သာယာချမ်းမြေ့မှုကို အများဆုံးလွှမ်းမိုးလဲဆိုတာ ပြောနိုင်ပါတယ်။ ဒီလိုမျိုး သာယာချမ်းမြေ့မှုဆိုင်ရာ ရီဂရက်ရှင်း(Regression) တွေမှာ အသုံးချနိုင်တဲ့ သီးသန့်နည်းလမ်း တစ်ခုရှိပါသေးတယ်။ အဲဒါကတော့ ငွေကြေးတန်ဖိုးဖြတ်ခြင်း(Economic Valuation) ပါ။

ငွေကြေးတန်ဖိုးဖြတ်ခြင်း(Economic Valuation) အတွက် အသုံးပြုနိုင်

ငွေကြေးတန်ဖိုးဖြတ်ခြင်း(Economic Valuation) ဆိုတာက ကိန်းရှင်(Variable) တစ်ခုကနေဖြစ်စေတဲ့ အကျိုးအမြတ် ဒါမှမဟုတ် အရှုံး စတာတွေရဲ့ ငွေကြေးတန်ဖိုးကို ရှာဖွေခြင်းပဲဖြစ်ပါတယ်။ ဒါကိုဥပမာပြဖို့အတွက် ကျွန်တော့်ရဲ့ နဂိုနမူနာကို ပြန်သွားရအောင်ပါ။ ဒါကို ဒီမှာမြင်နိုင်ပါတယ်။ လူတစ်ယောက် ရရှိလာတဲ့ ရေသန့် အပိုတစ်လီတာတိုင်းအတွက် သူ့ရဲ့သာယာချမ်းမြေ့မှုက ၀.၁ တိုးလာပါတယ်။

လူတစ်ယောက် တစ်ဒေါ်လာရလိုက်တိုင်းမှာလည်း သူ့ရဲ့ပုဂ္ဂလသာယာချမ်းမြေ့မှု(Subjective Wellbeing) က ၀.၀၂ တိုးလာတာကိုမြင်နိုင်ပါတယ်။ ဒီတော့ အဲဒီကနေ ကျွန်တော်တို့က ရေသန့်တစ်လီတာကို ရရှိခြင်းကနေ တိုးလာတဲ့သာယာချမ်းမြေ့မှုနဲ့ညီမျှတဲ့ သာယာချမ်းမြေ့မှုကိုရရှိဖို့အတွက် လူတစ်ယောက်က သူ့ရဲ့ဝင်ငွေ ဘယ်နှဒေါ်လာ တိုးပွားလာရမလဲ။ ဒါကိုတွက်ချင်ရင်တော့ တန်ဖိုးဖြတ်ချင်တဲ့ကိန်းရှင်(Variable) ရဲ့ ပြကိန်း(Coefficient) ကိုတည်ပြီး ဒီမှာတော့ ရေသန့်ပေါ့ ဝင်ငွေရဲ့ပြကိန်း(Coefficient) နဲ့ စားပါ။ ဒီမှာတော့ ၀.၁ အစား ၀.၀၂ ညီမျှခြင်း ၅ ဖြစ်ပါတယ်။

ဆိုလိုတာက ရေသန့် အပိုတစ်လီတာကိုရရှိခြင်းက လူတစ်ယောက် တစ်နှစ်ကို ၅ ဒေါ်လာ အပိုရရှိခြင်းကြောင့် တိုးပွားလာတဲ့သာယာချမ်းမြေ့မှုနဲ့ညီမျှပါတယ်။ ဒီလိုမျိုးလုပ်နိုင်တာက တော်တော်လေးမိုက်ပါတယ်။ ဒီမှာဆိုရင် ကျွန်တော်က လူတွေရဲ့သာယာချမ်းမြေ့မှုအတွက် ရေသန့်အခန်းကဏ္ဍရဲ့တန်ဖိုးကို ခန့်မှန်းလိုက်ပါတယ်။ တခြားနည်းနဲ့ဆို ဒါကိုလုပ်နိုင်ဖို့က ခက်ခဲနိုင်ပါတယ်။ ဒီနည်းနဲ့ တော်တော်လေးကောင်းတာတွေ ဖန်တီးလို့ရသလို တန်ကြေးမရှိတဲ့အရာတွေကိုလည်း တန်ဖိုးဖြတ်လို့ရပါတယ်။ လေထုအရည်အသွေး လုပတဲ့ရှုမျှော်ခင်း ရာဇဝတ်မှုကင်းရှင်းခြင်း စသဖြင့်ပါ။ အဲဒါကြောင့် ဒီနည်းကအသုံးဝင်ပါတယ်။

ဘာကြောင့်တန်ဖိုးတွက်ချင်ရတာလဲ?

ဒါပေမဲ့ တန်ကြေးသတ်မှတ်လို့မရတဲ့အရာတွေကို ဘာကြောင့်တန်ဖိုးတွက်ချင်ရတာလဲ။ ပထမတစ်ခုကတော့ လက်တွေ့ကျဖို့ပါ။ ဒေါ်လာတွေ ကျပ်တွေ တခြားငွေကြေးတွေက ကိန်းရှင်သက်ရောက်မှုကိုနှိုင်းယှဉ်ရာမှာ လွယ်ကူချောမွေ့ပါတယ်။ ဒါပေမဲ့ ယူနစ်တွေမတူတဲ့ ရေသန့်လီတာနဲ့ လူ့သက်တမ်းနဲ့ကို ဘယ်လိုနှိုင်းယှဉ်မလဲ။

ဒါပေမဲ့ အခုလို ငွေကြေးတန်ဖိုးဖြတ်ရခြင်းရဲ့ အဓိကအကြောင်းရင်းကတော့ မူဝါဒရေးဆွဲခြင်း(Policymaking) အတွက်လိုအပ်တဲ့ အရင်းအမြတ်စိစစ်ခြင်း(Cost-Benefit Analyses) အတွက်ပဲဖြစ်ပါတယ်။ မူဝါဒတစ်ခုရဲ့ကုန်ကျမှုနဲ့ မူဝါဒတစ်ခုရဲ့အမြတ်ကို တွက်ချက်မှုကို မူဝါဒတော်တော်များများအတွက် အစိုးရတွေက သုံးကြပါတယ်။ ဥပမာအနေနဲ့ လမ်းအန္တရာယ်ကင်းရှင်းရေးမှာ ရင်းနှီးမြှုပ်နှံဖို့ဆုံးဖြတ်တဲ့အခါ မတော်တဆလျော့နည်းလာခြင်း အကျိုးကျေးဇူးကို လမ်းအဆင့်မြှင့်ဖို့အတွက် သုံးလိုက်ရတဲ့ ကုန်ကျမှုစရိတ်နဲ့နှိုင်းယှဉ်ပါတယ်။ ယာဉ်မတော်တဆလျော့နည်းအောင်လုပ်ပြီး လူ့အသက်တွေကယ်ဖို့က ပိုက်ဆံဘယ်လောက်ကုန်ကုန် သုံးသင့်တယ်လို့ တွေးကောင်းတွေးမယ်။ ဒါပေမဲ့ ဒီပိုက်ဆံတွေကို တခြားမှာရင်းနှီးမြှုပ်နှံလိုက်ရင် လူ့အသက်တွေကို ပိုကယ်ကောင်းကယ်နိုင်ပါတယ်။ ဥပမာ ဆေးရုံတွေပါ။ အစိုးရက အကန့်အသတ်ရှိတဲ့ဘဏ္ဍာငွေကို ဘယ်လိုခွဲဝေသုံးစွဲမယ်ဆိုတာကို အမြဲဆုံးဖြတ်နေဖို့လိုပါတယ်။

အရင်းအမြတ်စိစစ်ခြင်း(Cost-Benefit Analyses) မလုပ်ရင် မကြာခဏဖြစ်လေ့ရှိတာကတော့ အသင့်ဈေးကွက်တန်ကြေးမရှိတဲ့ ဥပမာ လေထုအရည်အသွေးမျိုးက ဆန်းစစ်ချက်ထဲမှာ မပါဝင်တော့ပါဘူး။ ဘာလို့လဲဆိုတော့ အရင်းအမြတ်စိစစ်ခြင်း(Cost-Benefit Analyses) မှာ ထည့်သွင်းနိုင်တဲ့ ငွေကြေးတန်ဖိုး မရှိလို့ပါပဲ။ အဲဒါကြောင့် အလွန်အန္တရာယ်များတဲ့ မူဝါဒတွေထွက်လာနိုင်ပါတယ်။ ဆိုးကျိုးရဲ့သက်ရောက်မှုနဲ့ အကျိုးကျေးဇူးဆုံးရှုံးမှုတို့ကို လျှော့တွက်မိလို့ပါပဲ။ ဥပမာအနေနဲ့ ဒီမှာပြထားတဲ့ပုံကိုတစ်ချက်ကြည့်ပေးပါ။ မူဝါဒရေးဆွဲသူတွေက အလုပ်အကိုင်ရရှိရေးအတွက် စက်ရုံတစ်ရုံဆောက်ဖို့ ဆုံးဖြတ်မယ်။ အဲဒီမှာသူတို့သတိမထားမိတာက စက်ရုံနားမှာနေတဲ့လူတွေရရှိတဲ့ လေထုညစ်ညမ်းမှုဆိုးကျိုးတွေက စက်ရုံကရလာတဲ့ ဝင်ငွေအကျိုးကျေးဇူးထက် များစွာပိုများနေတယ်ဆိုတဲ့အချက်ပါ။

အခုလိုငွေကြေးတန်ဖိုးဖြတ်ခြင်း(Economic Valuation) ကရလာတဲ့ ခန့်မှန်းတန်ဖိုးတွေက အခုလိုမူဝါဒတွေချမှတ်ရာမှာ ဆုံးဖြတ်ချက်အမှားတွေမချမိအောင် ကူညီပေးနိုင်ပါတယ်။

အလုပ်ဖြစ်ခဲ့သော လက်တွေ့ဥပမာ

ဟုတ်ကဲ့ လက်တွေ့ဥပမာတစ်ခုကိုကြည့်ကြည့်ရအောင်။ ဒီဇယားကတော့ ၂၀၀၅ ခုနှစ်က Luttmer စာတမ်းကနေကောက်နုတ်ထားတာပါ။ Neighbors as Negatives: Relative Earnings and Well-Being ဖြစ်ပါတယ်။ Luttmer က အလုပ်လက်မဲ့ဖြစ်ခြင်းရဲ့ဆုံးရှုံးမှုတန်ဖိုး(Cost Of Unemployment) ကို တွက်ချက်ထားပါတယ်။ အမေရိကန်ပြည်သူတွေကို စစ်တမ်းလိုက်ကောက်ထားတာဖြစ်ပါတယ်။

Table 3. Example Life satisfaction regression

Dependent variable: Life Satisfaction	Coefficient	Standard error
ln Household income	0.361**	0.10
Relative income	0.296**	0.08
Working hours	-0.138**	0.05
Unemployed	-0.355**	0.15
Age	-0.038**	0.01
Black	-0.025	0.07
Hispanic	0.297**	0.07
Asian	-0.011	0.12
Years of education	-0.006	0.01
ln Household size	-0.188**	0.04
No religion	-0.162**	0.06
Live in a metropolitan area	-0.007	0.01
Nonmetropolitan area	-0.047	0.04
Number of observations	8944	

ကြယ်ပွင့် ၂ ခု ပြထားတဲ့ကိန်းရှင်(Variable) တွေက ၀.၀၅ သတ်မှတ်အဆင့်(Threshold) မှာ အထင်အရှားပြသနေပါတယ်။

ရီဂရက်ရှင်း(Regression) မှာ သူတို့ထိန်းချုပ်ထားတဲ့ ကိန်းရှင်(Variable) တချို့ကိုမြင်ရမှာပါ။ အလုပ်ချိန် အသက် လူမျိုးစု ပညာရေး နေထိုင်မှုအခြေအနေ စသဖြင့်ပါ။ ဒီရလဒ်တွေကနေ အိမ်ထောင်စုဝင်ငွေ ဆက်စပ်ဝင်ငွေတွေကြည့်ပြီး ကိုယ့်အသိုင်းအဝိုင်းနဲ့ယှဉ်ရင် ဘယ်လောက်ချမ်းသာလဲဆိုတာမြင်ရမှာပါ။ စပိန်စကားပြောအမေရိကန်ဖြစ်ရင် ဘာသာရေးကိုင်းရှိုင်းရင် သာယာချမ်းမြေ့မှုတိုးတယ်။ အနည်းဆုံး သာယာချမ်းမြေ့မှုကို တစ်ဖက်တစ်လမ်းကတိုးစေနိုင်ပါတယ်။ အလုပ်ချိန် အလုပ်လက်မဲ့ဖြစ်ခြင်း အသက်နဲ့ အိမ်ထောင်စုအရွယ်အစား စတာတွေကတော့ သာယာချမ်းမြေ့မှုကို လျော့ကျစေပါတယ်။ တချို့လူမျိုးစုတွေမှာ ဘာထူးခြားတဲ့သက်ရောက်မှုမှမရှိပါဘူး။ မြို့ပြမှာနေတဲ့သူဖြစ်ဖြစ် မနေတဲ့သူဖြစ်ဖြစ် ဘာသက်ရောက်မှုမှမရှိကြပါဘူး။ ဒါက စိတ်ဝင်စားဖို့ကောင်းပါတယ်။ ဘာကြောင့်လူတွေပျော်ရတယ်ဆိုတာကို မြင်လာမိပါတယ်။ ဝင်ငွေတိုးလေ ပိုပျော်လေဆိုတာတွေ့ရပေမဲ့ အလုပ်ချိန်တိုးရင် ပျော်ရွှင်မှုလျော့ကျလာပါတယ်။ ဒီတော့ ဝင်ငွေနဲ့အလုပ်ချိန်ကြားက အလျှော့အတင်းသက်ရောက်မှုကို သတိထားဖို့လိုပါတယ်။

ငွေကြေးတန်ဖိုးဖြတ်ခြင်း(Economic Valuation) အတွက် ဒါကိုသုံးကြည့်ရအောင်။ အလုပ်လက်မဲ့ဖြစ်မှုရဲ့ ငွေကြေးတန်ဖိုးကို ပျော်ရွှင်မှုအပေါ် သက်ရောက်မှုအတွက် တွက်ချက်ကြည့်ရအောင်။ ဝင်ငွေနဲ့ အလုပ်လက်မဲ့ဖြစ်မှုကိန်းရှင်နှစ်ခုစလုံးက ဒီဇယားမှာမြင်တဲ့အတိုင်းပဲ သိသာထင်ရှား နေပါတယ်။ ~~ကြယ်မွင့် ၂ ခုနဲ့ပြထားလို့ပါ။~~ ဘာကြောင့်လဲဆိုတော့ စာရင်းအင်းဆော့ဖ်ဝဲ(Statistical Software) တစ်ခုကနေ ထုတ်ပေးတဲ့အချက်အလက်မှာ ကိန်းရှင်ရဲ့ထူးခြားမှုကို ကြယ်ပွင့် ၂ ခုနဲ့ ညွှန်ပြထားလို့ဖြစ်ပါတယ်။

ဒီပို့ချချက် အစောပိုင်းမှာလည်း လေ့လာခဲ့ပါတယ်။ ငွေကြေးတန်ဖိုးမှန်းခြေကိုလိုချင်ရင် တန်ဖိုးဖြတ်ချင်တဲ့ကိန်းရှင်(Variable) ကိုတည်ပြီး ဝင်ငွေကိန်းရှင်(Income Variable) ရဲ့ပြကိန်း(Coefficient) နဲ့စားရပါတယ်။ ဥပမာ ရေအရည်အသွေးကို တွက်ချက်တုန်းကလိုပါပဲ။ ဒီမှာလည်း အဲဒီလိုပါပဲ။ ဒါပေမဲ့ ဒီ

ပုံစံမှာတော့ ဝင်ငွေရဲ့ Log ကိုသုံးထားပါတယ်။ ဝင်ငွေရဲ့ ထပ်ညွှန်းကိန်းပါ။ အဲဒါကြောင့် ဒီပုံသေနည်းက နည်းနည်းပိုရှုပ်ပါတယ်။ ဒီမှာတော့အသေးစိတ်မပြောတော့ဘူး ဒါပေမဲ့ သင်္ချာတွက်ရတာကြိုက်တဲ့သူတွေအတွက် ပုံသေနည်းတော့ပြထားပါတယ်။ ဝင်ငွေကိုထပ်ညွှန်းတင်ထားပါတယ်။ သင်္ချာမကြိုက်တဲ့သူတွေအတွက်တော့ ဒီအသေးစိတ်တွေ လိုက်လေ့လာစရာမလိုပါဘူး။

$$WTP \ \ or \ \ WTA = e^{[\ln(\overline{M})-(\beta_2/\beta_1)^{*}-1]} - \overline{M} \qquad (29)$$

where $\overline{M}$ = average income in the sample; β_1 = the income coefficient; β_2 = the coefficient on the good being valued (in this example unemployment).

အဓိကကတော့ ဒီတွက်ချက်မှုရဲ့ရလဒ်အရ အလုပ်လက်မဲ့ဖြစ်မှုရဲ့ ဆုံးရှုံးမှုတန်ဖိုးက တစ်နှစ်ကို ဒေါ်လာ ၃ သောင်းဝန်းကျင်ရှိပါတယ်။ တော်တော်များတာပါ။ ထပ်ပြီးအလေးအနက်ပြောရရင် ဒီအလုပ်လက်မဲ့ဖြစ်မှုရဲ့ ဆုံးရှုံးမှုတန်ဖိုးက ဝင်ငွေဆုံးရှုံးမှုထက်ပိုများပါတယ်။ ဘာလို့လဲဆိုတော့ တစ်ဦးချင်းစီရဲ့ ဝင်ငွေကိန်းရှင်(Income Variable) ကို ရီဂရက်ရှင်း(Regression) ထဲမှာထည့်ထားလို့ပါ။ ဝင်ငွေဆုံးရှုံးမှုက ပါပြီးသားပါ။ ဒီဆုံးရှုံးမှုတန်ဖိုးက ဝင်ငွေဆုံးရှုံးမှုမှာ အပိုပါဝင်သွားတာဖြစ်ပါတယ်။ အလုပ်လက်မဲ့ဖြစ်မှုနဲ့ဆက်စပ်နေတဲ့ ဆိုးကျိုးတွေအနေနဲ့ ပေါ်ပေါက်လာတာဖြစ်ပါတယ်။ ဥပမာ ရည်ရွယ်ချက်ဆုံးရှုံးမှု၊ လူမှုရေးအဆက်အသွယ်များဆုံးရှုံးမှုအခြေအနေ အပါအဝင် အလုပ်ရှိခြင်းနဲ့ဆက်စပ်ပြီးပါလာတဲ့ ဆောင်ရွက်ချက်များဆုံးရှုံးမှု စတာတွေဖြစ်ပါတယ်။ လူတွေရဲ့ဝင်ငွေကိုကာကွယ်ပေးတာထက် လူတွေရဲ့အလုပ်ကိုကာကွယ်ပေးတာက ပိုထိရောက်ကြောင်း ပြသနေပါတယ်။ ဒီတော့ အလုပ်လက်မဲ့ဖြစ်မှုရဲ့ သက်ရောက်မှုက စရိတ်ဆုံးရှုံးမှုတစ်ခုတည်းကိုကြည့်တာထက် ပိုကြီးနေတာကိုတွေ့ရမှာပါ။

ကျွန်ုပ်၏လက်တွေ့ဥပမာ

ကျွန်တော့်လေ့လာမှုကဥပမာကိုကြည့်ကြည့်ပါ။ ဇင်ဘာဘွေကခြင်္သေ့တွေအကြောင်းပါ။ ဒီပုံကတော့ ဇင်ဘာဘွေအနောက်ပိုင်းက ကျွန်တော်လေ့လာရတဲ့ ဟွမ်ဂီအမျိုးသားဥယျာဉ်အကြောင်းကို ပြထားတာပါ။ ဒီအမျိုးသားဥယျာဉ်မှာ တိရစ္ဆာန်မျိုးစိတ်တွေအများကြီးရှိပါတယ်။ ခြင်္သေ့၊ ဆင်၊ မြင်းကျား စသဖြင့်ပါဝင်ပါတယ်။ မြေပုံမှာ အနက်ရောင်အစက်လေးတွေနဲ့ပြထားတဲ့ လူနေဒေသတွေရှိပါတယ်။ အမျိုးသားဥယျာဉ်ရဲ့အစပ်နားမှာနေတာပါ။ ဥယျာဉ်ကအစိမ်းရောင်ပါ။ တောရိုင်းတိရစ္ဆာန်နဲ့လူတွေ ဒီလောက်နီးနီးကပ်ကပ်နေတော့ တစ်ခါတလေ ပြဿနာတက်နိုင်ပါတယ်။ ဒါကတော့အဲဒီဒေသကလူတွေရဲ့ နေထိုင်ရေးအခြေအနေပါ။ အများစုက ကိုယ့်ဘာသာကိုယ်နေနိုင်စားနိုင်ပြီး စားဖို့သောက်ဖို့အတွက် နွားတွေဆိတ်တွေမွေးပါတယ်။

ဥယျာဉ်ထဲမှာတော့ အရမ်းလှတဲ့ တောရိုင်းတိရစ္ဆာန်တွေအများကြီးရှိတယ်။ တော်တော်လေးကြည့်ကောင်းမယ့်ပုံပေါ်ပေမဲ့ ခြင်္သေ့လို အန္တရာယ်များတဲ့ တောရိုင်းတိရစ္ဆာန်တွေနဲ့ နီးနီးကပ်ကပ်နေရတဲ့အခါ နွားတွေပါသွားနိုင်တယ်။ ညာဘက်အောက်ကပုံမှာမြင်တဲ့အတိုင်းပါပဲ။

များသောအားဖြင့် လူတွေစားဖို့မွေးထားတဲ့ တိရစ္ဆာန်တွေကို ခြသေ့်တွေလာဆွဲတတ်ကြပါတယ်။ ဒီတော့အကာအကွယ်တွေ ဆောက်ထားရပါတယ်။

ပုံမှာပြထားတဲ့အတိုင်း ဆိတ်ကိုထားသလို နွားတွေကိုထားထားသလိုမျိုးပေါ့။ ခြသေ့်တွေက လူတွေရဲ့အစာကို လာဆွဲတတ်ပေမဲ့လည်း တစ်ခါတလေ လူတွေကလည်း ခြသေ့်တွေကို လက်စားချေတဲ့အနေနဲ့ ပြန်သတ်ကြတယ်။ ဒါကတော့နှစ်ဖက်စလုံးအတွက် စိုးရိမ်စရာပါပဲ။ အမဲလိုက်ခြင်းကြောင့် ခြသေ့်တွေလည်း အန္တရာယ်နဲ့ရင်ဆိုင်နေရပါတယ်။ လူတွေရဲ့သာယာချမ်းမြေ့မှုကိုလည်း သက်ရောက်နိုင်ပါတယ်။ လူတွေရဲ့မွေးမြူရေးတိရစ္ဆာန်တွေသာမက လူတွေရဲ့အသက်ကိုပါ ခြသေ့်တွေကရန်ပြုနိုင်လို့ပါ။ ဘယ်သူမှ မပျော်ရွှင်နိုင်ပါဘူး။ ဒီလိုအခြေအနေတွေ တိုးတက်ကောင်းမွန်လာဖို့အတွက် သတင်းအချက်အလက်တွေလည်း ကျွန်တော်ပိုလိုချင်ပါသေးတယ်။ အပေါ်ယံကိုပဲကြည့်ပြီး နွားတစ်ကောင်ရဲ့ ဈေးကွက်တန်ဖိုးကိုကြည့်ပြီး တစ်နှစ်ကို ခြသေ့်တွေကြောင့် အိမ်ထောင်စုတစ်စုရဲ့ နွားဘယ်နှကောင်အသတ်ခံနေရလဲဆိုတာ ခန့်မှန်းတဲ့အခါ မွေးမြူရေးတိရစ္ဆာန်ဆုံးရှုံးမှုပျမ်းမျှတန်ဖိုးက ၃.၅ ပဲရှိပါတယ်။ သိပ်မများပါဘူး။

ဒါပေမဲ့ ခြသေ့်တွေနားမှာနေရတာက မွေးမြူရေးတိရစ္ဆာန်ဆုံးရှုံးမှုရဲ့ ငွေကြေးတန်ဖိုးတစ်ခုတည်းမဟုတ်ပါဘူး။ လူတွေမှာ ကြောက်ရပါတယ်။ စိတ်ဖိစီးရပါတယ်။ မွေးမြူရေးတိရစ္ဆာန်တွေ အဆွဲမခံရအောင်။ ကြိုတင်ကာကွယ်ဖို့တွေလုပ်ရပါတယ်။ ဒီတော့ ဒေသခံတွေအတွက် စုစုပေါင်းဆုံးရှုံးမှုက ဒီမှာပြထားတဲ့ မွေးမြူရေးတိရစ္ဆာန်ဈေးကွက်တန်ဖိုးထက် များစွာပိုကြီးမားပါတယ်။ ဒါပေမဲ့ ကြောက်စိတ်နဲ့ စိတ်ဖိစီးမှုလိုမျိုး ဆုံးရှုံးမှုတွေကို ဘယ်လိုတွက်ချက်မလဲ။ ဒါတွေကဒြပ်မဲ့အရာတွေဖြစ်ပြီး ဈေးကွက်တန်ဖိုးလည်းမရှိပါဘူး။ အခုလောက်ဆို သာယာချမ်းမြေ့မှုရီဂရက်ရှင်း(Regression) နဲ့ တန်ဖိုးတွက်ကြည့်ပြီး အဖြေကိုသိနေလောက်ရောပေါ့။

ရီဂရက်ရှင်း(Regression) အကြီးကြီးလုပ်ထားပါတယ်။ အဲဒီထဲမှာ ဒီဒေသက ပျော်ရွှင်မှုကိုသက်ရောက်တဲ့ အရေးပါတဲ့ကိန်းရှင်(Variable) အားလုံးပါပါတယ်။

ဒီဇယားမှာဆိုရင် ပုံမှန်ကိန်းရှင်(Variable) အားလုံး ထည့်သွင်းထားတာကိုမြင်နိုင်ပါတယ်။ ကျန်းမာရေး အသက် ကျား/မ လူမှုအသိုင်းအဝိုင်းအညွှန်းများ မိတ်ဆွေသူငယ်ချင်းတွေနဲ့ ဘယ်လောက်တွေ့လဲ။ အဖွဲ့အစည်းက အချင်းချင်းကူညီတယ်လို့ ခံစားရလား။ ဒီအတွက်အထူးရည်ရွယ်ထားတဲ့ ကိန်းရှင်(Variable) တွေလည်းထည့်ထားတယ်။ ဥပမာ ဘာသာရေးအယူဝါဒမေးခွန်းတွေ ယာခင်းပျက်စီးမှုတွေပါ။ ယာခင်းပျက်စီးတယ်ဆိုတာ ဥပမာပြောရရင် ဆင်တွေကယာခင်းတွေထဲဝင်လာလို့ ယာခင်းတွေပျက်စီးရတာမျိုးပါ။

ဒါမျိုးက မြန်မာနိုင်ငံမှာလည်း တစ်ခါတလေဖြစ်တတ်ပါတယ်။ ဒီတော့ဒေသခံတွေရဲ့ပြဿနာတွေကို ရင်းနှီးနေမယ်လို့ထင်ပါတယ်။ အရေးအကြီးဆုံးအနေနဲ့ ခြသေ့်ကြောင့်ဖြစ်တဲ့ ပြဿနာတွေနဲ့ပတ်သက်တဲ့ ကိန်းရှင်(Variable) တွေကို ထည့်သွင်းထားပါတယ်။ ဒီကိန်းရှင်တွေမရှိဘဲ ခြသေ့်တွေရဲ့သက်ရောက်မှုကို

ကျွန်တော်တွက်ချက်လို့မရပါဘူး။ ကျွန်တော်စိတ်ဝင်စားတဲ့ကိန်းရှင်(Variable) တွေကို အဖြေထုတ်မှာဖြစ်လို့ပါ။

ဒီမှာဆိုရင် ခြင်္သေ့ကြောင့်ဖြစ်တဲ့ဆုံးရှုံးမှုကို ဝင်ငွေကိန်းရှင်(Income Variable) နဲ့ တွက်မှာဖြစ်ပါတယ်။ ဒီတော့ရီဂရက်ရှင်း(Regression) မှာ ကိုယ်စိတ်ဝင်စားတဲ့ ကိန်းရှင်(Variable) ပါအောင်လုပ်ဖို့ကအရေးကြီးပါတယ်။ ဒီမှာတော့ ခြင်္သေ့ကြောင့်ဖြစ်တဲ့ဆုံးရှုံးမှုကို မတူညီတဲ့ရှုထောင့်ကနေဖော်ပြတဲ့ ကိန်းရှင်(Variable) သုံးခုထည့်ထားတယ်။ ပထမတစ်ခုက ကျွဲနွားတိရစ္ဆာန်တွေကို ခြင်္သေ့ဆွဲတာခံရဖူးလား။ ဒုတိယတစ်ခုက ခြင်္သေ့ဆွဲခံရတဲ့တိရစ္ဆာန်အရေအတွက်ပါ။ တတိယတစ်ခုကတော့ ရွာထဲမှာရှိတဲ့ ပဋိပက္ခအဆင့်(Conflict Level) ဖြစ်ပါတယ်။ ပဋိပက္ခအဆင့်(Conflict Level) ဆိုတာက အဲဒီရွာကလူအားလုံး ဆုံးရှုံးလိုက်ရတဲ့ တိရစ္ဆာန်အရေအတွက်ဖြစ်ပါတယ်။ တချို့ရွာတွေက မွေးမြူရေးတိရစ္ဆာန်ပဋိပက္ခ အရေအတွက်တော်တော်များပြီး တချို့ရွာတွေကနည်းပါတယ်။ မတူညီတဲ့ကိန်းရှင်(Variable) သုံးခုက အကြောင်းအရာတစ်ခုတည်းကိုပဲကိုယ်စားပြုပါတယ်။ ခြင်္သေ့တွေကြောင့်ဒေသခံတွေ ဆုံးရှုံးနစ်နာမှုတွေ ဘယ်လောက်ကြုံနေရလဲ ဆိုတာပါ။

ဒီရလဒ်ကနေ ဘယ်ကိန်းရှင်(Variable) တွေက လူတွေရဲ့သာယာချမ်းမြေ့မှုကို ထူးခြားစွာ သက်ရောက်နေတယ်ဆိုတာကို မြင်ရမှာပါ။ P-Value ကိုကြည့်လိုက်ပါ။ P-Value ကတော့ ၀.၀၅ အောက်ကို ရောက်နေဖို့လိုပါတယ်။ ဒါမှထူးခြားတဲ့ သက်ရောက်မှုဖြစ်မှာပါ။ တချို့ကိန်းရှင်(Variable) တွေက ပျော်ရွှင်မှုကို အကောင်းဘက်ကသက်ရောက်ပြီး တချို့က အဆိုးဘက်ကသက်ရောက်ပါတယ်။ ဒီမှာ တချို့ဆိုအံ့သြစရာပါပဲ။ မြင့်မားတဲ့သာယာချမ်းမြေ့မှုအဆင့်နဲ့ ဆက်နွှယ်နေတဲ့ ကိန်းရှင်(Variable) တွေကတော့ :

- Tonga လူမျိုးစုဖြစ်ခြင်း
- ရုပ်ပိုင်းဆိုင်ရာအခြေအနေ
- ချမ်းသာကြွယ်ဝမှု
- ကျန်တဲ့ပတ်ဝန်းကျင်နဲ့နှိုင်းယှဉ်ပြီး မှတ်ယူထားတဲ့ ချမ်းသာကြွယ်ဝမှု
- အိမ်ထောင်စုတစ်ခုက မိသားစုဝင်တွေနဲ့အတူပိုင်ဆိုင်တဲ့ ချမ်းသာကြွယ်ဝမှု
- မွေးမြူရေးတိရစ္ဆာန်မပိုင်ဆိုင်ခြင်း(ဒါတော့ အံ့သြမိတယ်)
- အနီးနားမှာ အမျိုးသားဉယျာဉ်တည်ရှိမှုကြောင့် အိမ်ထောင်စုရဲ့အကျိုးရှိလာမှု
- မိသားစု မိတ်ဆွေသူငယ်ချင်းတွေနဲ့ ဆက်ဆံပြောဆိုတဲ့နှုန်းထား

နိမ့်ပါးတဲ့သာယာချမ်းမြေ့မှုအဆင့်နဲ့ ဆက်နွှယ်နေတဲ့ ကိန်းရှင်(Variable) တွေကတော့ :

- အသက်
- Ndebele နဲ့နှိုင်းယှဉ်ပြီး Nambya လူမျိုးစုဖြစ်မှု
- ပညာရေး

- ခြသေ့်ကြောက်စိတ်နဲ့
- တိရစ္ဆာန်တွေ ခြသေ့်ဆွဲတာခံရဖူးလား စတာတွေပါ။

သတင်းကောင်းကတော့ စုစုပေါင်းချမ်းသာကြွယ်ဝမှုနဲ့ တိရစ္ဆာန်တွေ ခြသေ့်ဆွဲတာခံရဖူးလား စတဲ့နှစ်ချက်စလုံးရဲ့ပြကိန်း(Coefficient) တွေက ထူးခြားနေပါတယ်။ ဒီတော့ တွက်ချက်လို့ရတဲ့သဘောပါပဲ။ ကောင်းပါတယ်။ ဒီနည်းကသိပ်ကိုရိုးရှင်းတာကို မှတ်မိမှာပါ။ တန်ဖိုးတွက်ချင်တဲ့ဟာရဲ့ ပြကိန်း(Coefficient) ကို တည် ဝင်ငွေအတွက်ပြကိန်း(Coefficient) နဲ့ စား ရုံပါပဲ။ ဒီမှာဆို တိရစ္ဆာန်တွေခြသေ့်ဆွဲခံရဖူးတာကို ဝင်ငွေအတွက်ပြကိန်း(Coefficient) နဲ့ စားပါမယ်။ ဒီမှာတော့ သာယာချမ်းမြေ့မှုပေါ့ (အတူတူပါပဲ)။ အဲဒီမှာရတဲ့ဒေါ်လာတန်ဖိုးက ၂၀.၈၈ ဒေါ်လာပါ။ ဒါက ၃.၅ ဒေါ်လာထက် တော်တော်လေးများပါတယ်။ ဒီအဖြေအရ ကြောက်စိတ်နဲ့ စိတ်ဖိစီးမှုတို့လို ဒြပ်မဲ့တန်ဖိုးက အဆွဲခံရတဲ့တိရစ္ဆာန်ရဲ့ ဈေးကွက်တန်ဖိုးထက် အများကြီးပိုများနေပါတယ်။ နှိုင်းယှဉ်ကြည့်ရအောင်ပါ။ မွေးမြူရေးတိရစ္ဆာန်ဆုံးရှုံးမှုပျမ်းမျှတန်ဖိုးက ၃.၅ ဒေါ်လာဖြစ်ပြီး ဒေသခံတွေအတွက် စုစုပေါင်းဆုံးရှုံးရမှုက အနုတ် ၂၁ ဒေါ်လာဖြစ်ပါတယ်။ တော်တော်လေးကွာပါတယ်။

ဒီတော့ အစိုးရဖြစ်ဖြစ် ထိန်းသိမ်းစောင့်ရှောက်ရေး အဖွဲ့အစည်းကပဲဖြစ်ဖြစ် ခြသေ့်ထိန်းသိမ်းစောင့်ရှောက်မှုကနေ ဒေသခံတွေအပေါ် အဆိုးသက်ရောက်မှုမရှိအောင် လုံလောက်တဲ့ အကျိုးအမြတ်ပေးချင်တယ်ဆိုရင် နှစ်စဉ်နှစ်တိုင်း လူတစ်ယောက်ကို အမေရိကန်ဒေါ်လာ ၂၁ ဒေါ်လာနဲ့အထက် လျော်ကြေးအဖြစ်ပေးရမှာပါ။ ဒီလိုလုပ်မှသာ ရလိုက်တဲ့လူရဲ့ သာယာချမ်းမြေ့မှုက ဆုံးရှုံးမှုတန်ဖိုးအတိုင်း ပြန်ရပါလိမ့်မယ်။

မြန်မာနိုင်ငံတွင် အသုံးချနိုင်သောနေရာများ

မြန်မာနိုင်ငံမှာရော ဒီအယူအဆကို တခြားဘယ်လိုနေရာတွေမှာအသုံးချနိုင်သလဲ။ ဒီနည်းနဲ့ အစိုးရရဲ့ဘယ်မူဝါဒကိုမဆို တွက်ချက်နိုင်ပါတယ်။ ဥပမာ ကြီးမားတဲ့အခြေခံအဆောက်အအုံကြီးတွေ တည်ဆောက်ခြင်းရဲ့ သက်ရောက်မှုကိုတွက်ချက်ရာမှာ သိပ်ကိုအသုံးဝင်ပါတယ်။ လမ်းတွေ ရထားဖောက်လုပ်ခြင်းမျိုးဖြစ်ပါတယ်။ ဆည်တည်ဆောက်တာလိုမျိုး သက်ရောက်မှုကြီးတဲ့စီမံကိန်းတွေမှာလည်း သုံးနိုင်ပါတယ်။

မြန်မာနိုင်ငံမှာ ပုဂ္ဂလသာယာချမ်းမြေ့မှုနည်း(Subjective Wellbeing Approach) ကို အသုံးချတာနဲ့ပတ်သက်တဲ့ ဥပမာတွေကို ရှာကြည့်ပါသေးတယ်။ ရှာလို့မတွေ့ခဲ့ပါဘူး။ ရှိပေမဲ့ ကျွန်တော်ရှာမတွေ့တာလည်းဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ မြန်မာနိုင်ငံမှာဒီလိုသုတေသနမျိုးအတွက် အလားအလာကြီးရှိနေပါတယ်။ ပူးပေါင်းဆောင်ရွက်ချင်တဲ့သူရှိရင် ကျွန်တော့်ကို အားမနာဘဲ ဆက်သွယ်နိုင်ပါတယ်။

နားမလည်တာ မရှင်းတာရှိရင်လည်း ချက်ချင်းလှမ်းပြောလိုက်လို့ရပါတယ်။ ကျေးဇူးတင်ပါတယ်။ ကံကောင်းပါစေခင်ဗျာ။